“အို-အာအေရှာဟ်၊ နူးညံ့သိမ်မွေ့၍ တည်ငြိမ်ပါ၊ အလ္လာဟ်ဟာ ကိစ္စရပ်တိုင်းမှာ နူးညံ့သိမ်မွေ့ခြင်းကို နှစ်သက်တော်မူတယ်။” ဟု မိန့်ကြားခဲ့ပါတယ်။

တမန်တော်မုဟမ္မဒ်(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက် ပါစေ)ဟာ ဤသို့လဲ မိန့်ကြားခဲ့ပါတယ်။ “ နူးညံ့ သိမ်မွေ့မှုကို ပြသကြပါ၊ အကြောင်းမူကား တစ်စုံတစ်ခု၌ နူးညံ့သိမ်မွေ့ခြင်းရှိလျှင် လှပတင့်တယ်၏၊ တစ်စုံတစ်ခုမှ နူးညံ့သိမ်မွေ့ခြင်းကို ဖယ်လိုက်လျှင် ချို့ယွင်းသွားစေ၏။”

## မိမိကိုယ်ကိုနှိမ့်ချတတ်ခြင်း

တမန်တော်မုဟမ္မဒ်(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ)ဟာသူ့အားလူတို့က ရိုသေလေးစားသော အနေဖြင့် မတ်တပ်ရပ်အရိုအသေပေးခြင်းကို တားဆီးတော်မူခဲ့ပါတယ်။ သူဟာ လူစုလူဝေးတွင် ရတဲ့နေရာမှာ ထိုင်တတ်ပြီး သူ့အတွက် ဘယ်သောအခါမှ မြင့်သော၊ ထင်ရှားသောနေရာကို မရှာဖွေခဲ့ပါ။ သူဟာ မည်သည့်အခါမှ သူ၏အဆွေတော်များနှင့် ကွဲပြားရန်၊ သူတို့ထက် အဆင့်အတန်းမြင့်မားဟန်ပေါ်လွင်ရန် ဝတ် စားဆင်ယင်ခြင်း မပြုခဲ့ပါ။ သူဟာ သူဆင်းရဲတို့နှင့် အရောတဝင် နေထိုင်ခဲ့ပါတယ်။ သက်ကြီးရွယ်အိုများနှင့် အတူတကွ ထိုင်လေ့ရှိခဲ့ပြီး မုဆိုးမများကိုလည်း ကူညီထောက်ပံ့လေ့ရှိခဲ့ပါတယ်။ ကိုယ်တော့်အား မသိသူများဟာ လူအုပ်ထဲ၌ ကိုယ်တော် ဘယ်သူလဲဆိုတာ ခွဲခြား၍ မသိရှိနိုင်ပါ။

သူဟာ သူ၏အဆွေတော်များကို ဤသို့မိန့်တော်မူခဲ့သည် “အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်ကို အသင်တို့ မိမိကိုယ်ကို နှိမ့်ချရမည်၊ မည်သူမျှ တစ်ဦးအပေါ် တစ်ဦး မာနမထောင်လွှားရ၊ မည်သူမျှ အခြားသူအပေါ် ဖိနှိပ်ခြင်းမပြုရ ဟု ပို့ချတော်မူခဲ့တယ်” ။

သူဟာ ဖန်ဆင်းရှင် တစ်ပါးတည်းသာ ခံယူထိုက်သော ကိုးကွယ်ဆည်းကပ်ခြင်းခံရမည်ကိုကြောက်ရွံ့ စိုးရိမ်ခဲ့၍ မိမိကိုယ်ကို နှိမ့်ချခဲ့ပါတယ်။

“ကျွန်ုပ်အား ချီးမွမ်းရာတွင် ခရစ်ယာန်တို့ မရ်ယမ်၏သား၊ ယေရှုကို ချီးမွမ်းသကဲ့သို့ ဘောင်မကျော်စေနှင့်၊ ကျွန်ုပ်သည် ဖန်ဆင်းရှင်၏ အစေတော်သာဖြစ်သည်၊ ထို့ကြောင့် ကျွန်ုပ်ကို အလ္လာဟ်၏အစေတော်, သူ၏ တမန်တော်ဟူ၍သာ ခေါ်ကြလေကုန်။”

## စံပြခင်ပွန်း

တမန်တော်မုဟမ္မဒ်(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ)၏ ချစ်လှစွာသော ကြင်ယာတော် အာအေရှာဟ် သခင်မက သူမ၏ မြင့်မြတ်သော ခင်ပွန်းအကြောင်း ဤသို့ပြောပြခဲ့ပါတယ်။ “ကိုယ်တော်ဟာ သာမန်လူများ မိမိတို့အိမ်တွင်ပြုမူသကဲ့သို့ သူ့ရဲ့ဖိနပ်တွေကို ကိုယ်တိုင်ပြုပြင်တော်မူတယ်။ သူ့ရဲ့အင်္ကျီတွေကို လည်း ကိုယ်တိုင် ချုပ်လုပ် ဖာထေးတော်မူတယ်”။

သစ္စာရှိသောခင်ပွန်းတစ်ဦးဖြစ်ယုံသာမက အဆွေတော်များကိုလည်း သူ့အတိုင်းကျင့်ကြံဖို့ လည်း တိုက်တွန်းခဲ့ပါတယ်။ “သစ္စာတရားဖြင့်ယုံကြည်သူများထဲမှ အပြည့်စုံဆုံးသောသူဟာ ကိုယ်ကျင့်တရား အကောင်းဆုံးသောသူဖြစ်တယ်။ ထို့နောက် ထိုသူများထဲမှ အကောင်းဆုံးသော သူဟာ သူတို့၏ ဇနီးများအပေါ် အကောင်းဆုံးသူများ ဖြစ်တယ်။”

## စံပြဥပမာ

ရှေ့မှာဖော်ပြခဲ့တာတွေဟာ တမန်တော်မုဟမ္မဒ် (သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ) ဟာ သူ့ဘဝကို ဘယ်လိုနေထိုင်ခဲ့သလဲ ဆိုတာရဲ့ တစေ့တစောင်းမျှသာ ဖြစ်ပါတယ်။ ဖော်ပြထားတဲ့သူ့ရဲ့ ကြင်နာမှုနဲ့ ကရုဏာသက်မှု တို့ရဲ့ ဥပမာတွေဟာ မီဒီယာမှာ ပြတဲ့ အစ္စလာမ်ရဲ့သရုပ်နဲ့ စဉ်ဆက်မပြတ် အထင်အမြင်လွဲမှား မှုများကိုသာ သိရှိသူများအတွက် အံ့ဩစရာ ဖြစ်နေပါလိမ့်မယ်။

အစ္စလာမ်ကို နားလည်ဖို့ကြိုးစားတဲ့အခါ မူလရင်းမြစ်များဖြစ်တဲ့ ကုရ်အာန်ကျမ်း၊ တမန်တော်မုဟမ္မဒ် (သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ) ၏ အဆိုအမိန့်များနှင့် အပြုအမူများ ကို တိုက်ရိုက်လေ့လာဖို့ အရေးကြီးပါတယ်။ အနည်းငယ်သော မုစ္စလင်မ်တို့ရဲ့ မှားယွင်းတဲ့ အပြုအမူတွေကို ကြည့်ပြီး မဆုံးဖြတ်ဖို့လည်း အရေးကြီးပါတယ်။

## မွတ်စလင်မ်မဟုတ်သူများထံမှမှတ်ချက်များ

အိန္ဒိယ လွတ်လပ်ရေးလှုပ်ရှားမှု၏ နိုင်ငံရေးနှင့် စိတ်ဓာတ်ရေးရာခေါင်းဆောင် မဟတ္တမဂန္ဒီက ဤသို့ မှတ်ချက်ပြုခဲ့ပါတယ်။ “မုဟမ္မဒ်၏ အတိုင်းထက်အလွန် ရိုးစင်းမှု၊ လုံးလုံးလျားလျား “ငါ”ဖျောက်ထားမှု၊ သူ၏ ကတိသစ္စာကို လစ်ဟင်းမှုမရှိအောင် သတိထားမှု၊ အပေါင်းအဖော်များနှင့်နောက်လိုက်များအပေါ် သူ၏ ချစ်ခင်စိတ် ကြီးမားမှု ၊ သူ၏ခိုင်ခံ့တည်ကြည်မှု၊ သူ၏ ကြောက်ရွံ့ခြင်းကင်းမှု၊ ထာဝရအရှင်အပေါ်နှင့် သာသနာ့တာဝန်ဖြင့် စေလွှတ်ခံရသည့် သူကိုယ်တိုင်၏လုပ်ငန်းအပေါ် အကြွင်းမဲ့ ယုံကြည်မှုများကြောင့်သာလျှင် လူသားတို့၏ နှလုံးသားများအပေါ် ဩဇာလွှမ်းမိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ဤသို့ အတားအဆီးမှန်သမျှကို ရင်ဆိုင်ဖြတ်ကျော်၍ အောင်မြင်မှုရရှိခြင်းမှာ ဓားကြောင့်မဟုတ်ကြောင်း ကျွန်ုပ်ယုံကြည်သည်။”

ဗြိတိသျှ ပြဇာတ်ရေးဆရာ ဂျော့ဂျ်ဘားနဒ့်ရှော ကပြောခဲ့သည်မှာ “ကမ္ဘာကြီးဟာ မုဟမ္မဒ်လို စိတ်ထားနှင့် လူတစ်ဦး အရေးတကြီး လိုအပ်နေပါတယ်။ အလယ်ခေတ်က ဘာသာရေးလိုက်စားသူတွေဟာ သူတို့ရဲ့ လျစ်လျူရှုမှုနှင့် မနာလိုမုန်းထားမှုတွေကြောင့် သူ့ကို ရက်စက်လွန်းတဲ့ပုံစံနဲ့ ပုံဖော်ခဲ့ကြပြီး ခရစ်ယာန် ဘာသာရဲ့ ရန်သူလို့ မှတ်ယူခဲ့ကြတာပါ။ ဒါပေမယ့် သူ့ရဲ့ ဇာတ်ကြောင်းကို သေချာလေ့လာကြည့်တဲ့အခါမှာတော့ အင်မတန်အံ့ဩဖွယ်ကောင်းတဲ့သူဖြစ်ပြီး ခရစ်ယာန်ရဲ့ ရန်သူတစ်ယောက် ဘယ်တော့မှ မဟုတ်ခဲ့ဘူးဆိုပြီး နိဂုံးချုပ် စဉ်းစားလိုက်ရပါတယ်။ ပြီးတော့ လူသားမျိုးနွယ်ရဲ့ ကယ်တင်ရှင်လို့ ခေါ်ရပါမယ်။ ကျွန်တော့်ရဲ့အမြင် မှာတော့ သူသာ ယနေ့ကမ္ဘာကို အုပ်ချုပ်ခွင့်ရမယ်ဆိုရင် ငါတို့ရဲ့ပြဿနာတွေကို ဖြေရှင်းပေးပြီး ကမ္ဘာကြီးက လိုအပ်နေတဲ့ ပျော်ရွှင်မှု ၊ ငြိမ်းချမ်းမှုတွေကို ရရှိစေမှာ ဖြစ်ပါတယ်။”


**For More Information & Further Pamphlets in this Series**

**p** (+61) 3 9309-1515 **w** islamicpamphlets.com **e** shareislam@gmail.com

**Donation Details** *(Every $1 AUD donated produces 15 pamphlets)*

**Bank Name** Commonwealth Bank **Account** Pamphlet Project Australia
**BSB** 063620 **Account** 10532332 **Swift (international)** CTBAAU2S




# တမန်တော် မုဟမ္မဒ်

(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ)

## ဤလူသားကို သင်သိသင့်ပါတယ်!

အခြေခံ အချက်များကိုလေ့လာခြင်း

islamicpamphlets.com

# မုဟမ္မဒ် (သူ့အပေါ်ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ) ဆိုတာဘယ်သူလဲ?

တမန်တော်မုဟမ္မဒ် (သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ) ဟာ လူသား တို့အား ဖန်ဆင်းရှင် (အရဗီဘာသာဖြင့်-အလ္လာဟ်) တစ်ပါးတည်းကိုသာ ကိုးကွယ်ဆည်းကပ်၍ ထိုအရှင်မြတ်၏ အမိန့်တော်များကို နာခံကြဖို့ ဖိတ်ခေါ် ရန် စေလွှတ်တော်မူခြင်းခံရသော တမန်တော်မြောက်များစွာထဲမှ နောက်ဆုံး တမန်တော်ဖြစ် တယ်လို့ မွတ်စလင်မ်တွေက ယုံကြည်ကြပါတယ်။ ထိုတမန် တော်များတွင် တမန်တော်အာဒမ်၊ တမန်တော်နူးဟ်၊ တမန်တော်အီဗရာဟီမ်၊ တမန်တော်အိစ်မာအီလ်၊ တမန်တော် အိစ်ဟာကက်၊ တမန်တော်ယအ်ကူးဘ်၊ တမန်တော် ယူစွဖ်၊ တမန်တော်မူဆာ၊ တမန်တော်ဒါဝူးဒ်၊ တမန်တော်စုလိုင် မာန်နှင့် တမန်တော်အီဆာ(ခရစ်တော်) (သူတို့ အားလုံးအပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ) တို့လည်းပါဝင်ကြပါတယ်။

တမန်တော်မူဆာ (သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ) ကို သောင်ဝ်ရ ဟ်ကျမ်း ( မောရှေထံကျ ရောက်ခဲ့သော မပြောင်းလဲသေးသော မူရင်းဗျာဒိတ် တော် )နှင့်အတူ၊ တမန်တော်အီဆာ (သူ့အပေါ် ငြိမ်းချမ်း ခြင်း သက်ရောက်ပါ စေ) ကို အင်ဂျီလ်ကျမ်း (ယနေ့ခေတ်ဗားရှင်းများ မဟုတ်သော မူရင်းဗျာဒိတ် တော်) နှင့်အတူ စေလွှတ်တော်မူခဲ့သလို၊ တမန်တော်မုဟမ္မဒ် (သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ) ကို ကုရ်အာန် ကျမ်းမြတ်နှင့်အတူ ထိုကျမ်း မြတ်၏ အဆုံးအမများကို လူတို့ လက်တွေ့အသုံးချတတ်စေဖို့ သင်ကြားပြသ ရန် စေလွှတ်တော်မူခဲ့ခြင်းဖြစ်တယ်လို့ မွတ်စလင်မ်တွေက ယုံကြည်ကြပါ တယ်။

တစ်ခါက တစ်စုံတစ်ဦးက တမန်တော်မုဟမ္မဒ်(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ) ၏ ကြင်ယာတော် အာအေရှာသခင်မအား တမန်တော် မြတ် (သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ) သည် အဘယ်သို့သော သူ ဖြစ်ပါသနည်း ဟုမေးမြန်းခဲ့ရာ သခင်မက “ကိုယ်တော်၏ စာရိတ္တ သည် ကုရ်အာန်ကျမ်းမြတ်ကို ထင်ဟပ် နေတော်မူသည်” ဟုဖြေကြားခဲ့ ပါတယ်။(မုစ္စလင်မ်ကျမ်း-၄၀), ကိုယ်တော်ဟာ ကုရ်အာန်ကျမ်းတော်၏ မြင့်မြတ်သော သင်ကြားမှုတွေကို သူ့ရဲ့နေ့စဉ်ဘဝမှာ စေ့စပ်သေချာစွာ အကောင်အထည်ဖော်ခဲ့တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ကိုယ်တော်ဟာ ထို မြင့်မြတ်သော အဆုံးအမများကို မွန်မြတ်သော ကိုယ်ကျင့် စာရိတ္တများအဖြစ် မည်သို့ သရုပ်ဖော်ခဲ့ကြောင်း ဖော်ပြပါမယ်။

## ကရုဏာတော်၏လုပ်ငန်းစဉ်

တမန်တော် မုဟမ္မဒ် (သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ) သည် လူသား တို့အား ဝတ်ပြုရန်၊ ဥပုသ်သီလစောင့်ထိန်းရန်နှင့် အလှူဒါနပြုကြရန် ဖိတ်ခေါ် ခြင်းအပြင် ဖန်ဆင်းရှင်ကို ယုံကြည်ခြင်းသည် အခြားသူများအပေါ် မိမိ၏ ပြုမူ ပြောဆိုဆက်ဆံပုံကိုလည်း အကျိုးသက်ရောက်မှုရှိကြောင်း သင်ကြားပေး တော် မူခဲ့ပါတယ်။ “အသင်တို့ထဲမှ အကောင်းဆုံးသော သူများသည် အကျင့်စာရိတ္တ ကောင်းမွန်သူများ ဖြစ်ကြသည်” ဟု မိန့်ကြားတော်မူခဲ့ပါတယ်။

တမန်တော်မြတ်၏ အဆိုအမိန့်များစွာတို့တွင် ယုံကြည်ခြင်းနှင့် အပြုအမူ အကြား ဆက်နွယ်မှုကို အလေးပေးမိန့်ဆိုထားကြောင်း တွေ့ရပါတယ်။ ဥပမာ “မည်သူမဆို အလ္လာဟ် အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည် ပါက မိမိအိမ်နီးချင်းကို မနာကျင်စေသင့်ပါ၊ မည်သူမဆို အလ္လာဟ် အရှင်မြတ် နှင့် နောက်ဆုံးနေ့ကို ယုံကြည်ပါက မိမိအိမ်သို့ရောက်လာသော ဧည့်သည်ကို ရက်ရောစွာ ဧည့်ခံသင့်သည်၊ မည်သူမဆို အလ္လာဟ် အရှင်မြတ်နှင့် နောက်ဆုံး နေ့ကို ယုံကြည်ပါက ကောင်းသောစကားကိုသာပြော၍ သို့မဟုတ်ပါက ဆိတ် ဆိတ် နေသင့်သည်။”

နောက်ဆုံးတမန်တော် (သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ)က လူသားတို့ကို အချင်းချင်း ကရုဏာ ထားရန်၊ အပြန်အလှန်လေးစားကြရန် သင်ပြပေးခဲ့ပါတယ်။ “အခြားသူများအပေါ် ကရုဏာမထားသူသည်၊ ကရုဏာ သက်ခြင်းခံရမည်မဟုတ်”

နောက်ထပ်ဆင့်ပြန်ချက်တစ်ရပ်တွင် ၊ အချို့သူများက တမန်တော် မုဟမ္မဒ်(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက် ပါစေ)အား မယုံကြည်ကြသူများကို ဖန်ဆင်းရှင်ထံပြစ်ဒဏ်ခတ်ရန် ပန်ကြားဖို့ တောင်းဆိုခဲ့ကြရာ တမန်တော်က “ကျွန်ုပ်သည် ကျိန်ဆဲရန်စေလွှတ်ခံရသည်မဟုတ်၊ ကရုဏာထားရန် စေလွှတ် ခံရခြင်းဖြစ်သည်” ဟု ဖြေကြားခဲ့ ပါတယ်။

## ခွင့်လွှတ်တတ်ခြင်း

တမန်တော် မုဟမ္မဒ်သည် လူသားအားလုံးတို့တွင် အခွင့်လွှတ်တတ်ဆုံးနှင့် အကြင်နာတတ်ဆုံးဖြစ်ပါတယ်။ သူ့အားမတရားပြုသူကိုလည်း ခွင့်လွှတ်တော် မူပါတယ်။ သူ့အပေါ် ရက်စက်လေလေ၊ ပို၍သည်းခံတော်မူလေ ဖြစ်ပါတယ်။ သူ ဟာ အလွန်အင်မတန်သက်ညှာတတ်သူ၊ အထူးသဖြင့် အသာစီးရ၍ လက်တုံ့ပြန် နိုင်ခဲ်သော အခြေအနေများတွင်လည်း ခွင့်လွှတ်ပေးတတ်သူဖြစ်ပါတယ်။

တမန်တော်မုဟမ္မဒ် (သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက် ပါစေ)သည် အရာ ရာကိုခွင့်လွှတ်တော်မူခဲ့ပြီး သူ့အတွက် မည်သည့် ရာဇဝတ်မှု၊ မည်သည့် စော်ကားမှုကမျှ ခွင့်မလွှတ်နိုင်အောင် မကြီးမားခဲ့ပါဘူး။ ကုရ်အာန် ကျမ်း မြတ်တွင် ဖော်ပြထားသကဲ့သို့ သူဟာ ခွင့်လွှတ်မှုနှင့် သနားကြင်နာမှုတို့၏ အကောင်းဆုံးဥပမာ ဖြစ်ခဲ့ပါတယ်။

## တန်းတူညီမျှစွာ ဆက်ဆံခြင်း

အောက်တွင်ဖော်ပြထားသော တမန်တော်မုဟမ္မဒ်(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက် ပါစေ)၏ အဆိုအမိန့်များတွင် လူသားအားလုံးဟာ ဖန်ဆင်းရှင် ရှေ့မှာ တန်းတူညီတူဖြစ်ကြောင်း သင်ပြထားပါတယ်။

“လူသားအားလုံးဟာ တမန်တော်အာဒမ်မှ ဆင်းသက်လာပြီး တမန်တော်အာ ဒမ်ဟာ ရွှံ့စေးဖြင့် ဖန်ဆင်းခံခဲ့ ရသည်။ ဘာသာတရားကိုင်းရှိုင်းမှုမှလွဲ၍ အာ ရပ်တို့သည်လည်း အာရပ်မဟုတ်သူတို့ထက် ပို၍ မမြင့်မြတ်ပါ၊ လူဖြူတို့သည် လည်း လူမဲတို့ထက် မမြင့်မြတ်ပါ။”

“ဖန်ဆင်းရှင်သည် အသင်တို့၏ ရုပ်ရည်၊ ဥစ္စာကြွယ်ဝမှုတို့ကိုကြည့်၍ ဆုံးဖြတ် တော်မူမည်မဟုတ်၊ အသင်တို့၏ နှလုံးသားများ နှင့် အသင်တို့၏ အပြုအမူ များကို ကြည့်၍ ဆုံးဖြတ်တော်မူမည်။”

တစ်ခါကတမန်တော်မုဟမ္မဒ်(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက် ပါစေ)၏ အဆွေတော်တစ်ပါးသည် အခြားအဆွေတော်တစ်ပါးအား “လူမည်း မ၏သား”ဟု ခေါ်လိုက်ရာ တမန်တော်မြတ်သည် (သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက် ပါစေ)ဒေါသအမျက်ထွက်တော်မူ၍ “အသင်သည် သူ့မိခင် လူ မည်းဖြစ်သောကြောင့် သူ့ကိုရှုံ့ချပါသလော? အသင့်ထံတွင် အစ္စလာမ်မတိုင်မီ အမှောင်ခေတ်မှ အသိဉာဏ်မဲ့မှုများ ကျန်ရှိနေသေးသည်” ဟု မိန့်ကြားလိုက် လေသည်။

## သည်းခံနိုင်စွမ်း

“အသင့်အပေါ်မကောင်းပြုသူတို့ကို ပြန်၍ မကောင်းမပြုသင့်ပါ၊ သူတို့အပေါ် ခွင့်လွှတ်ခြင်းနှင့် ကြင်နာခြင်းတို့ဖြင့် ဆက်ဆံသင့်သည်”။ ဖန်ဆင်းရှင်၏ နောက်ဆုံးတမန်တော်(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက် ပါစေ)ဟာ ပုဂ္ဂိုလ် ရေး တိုက်ခိုက်ခံရမှုများနှင့် မတရားမှုခံရများကို ဤသို့ တုံ့ပြန်ခဲ့ပါတယ်။

တမန်တော်မုဟမ္မဒ်(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ)ဟာ သူ့အပေါ် မတရားပြုသူများကို လက်စားချေရန်အခွင့်အရေးရပါသော်လည်း ၊ ထိုသို့မပြု ပဲ ထိန်းချုပ်တော်မူခဲ့ကြောင်း အစ္စလာမ့်သမိုင်း ရင်းမြစ်များတွင် ဥပမာများစွာ ပါဝင်ပါတယ်။

သူဟာ လူတို့ကို အခက်အခဲနှင့် ရင်ဆိုင်ရချိန်တွင် စိတ်ရှည်သည်းခံကြဖို့ သင်ကြားပေးခဲ့ပါတယ်။ “သန်မာသောသူဟူသည် လူတို့အား မိမိအားအင်ဖြင့် အလဲထိုးအောင်နိုင်သူမဟုတ်၊ မိမိ၏ဒေါသကို ထိန်းချုပ် နိုင်သောသူသာလျှင် သန်မာသောသူဖြစ်သည်။”

စိတ်ရှည် သည်းခံခြင်းတရား လက်ကိုင်ထားရမည် ဆိုသည်မှာ မွတ်စလင်မ် တို့သည် အမြဲငုံ့ခံ၍ မိမိအားတိုက်ခိုက်ခံရလျှင်လည်း ခုခံခြင်းမပြုရဟု မဆိုလို ပါ။ တမန်တော်မုဟမ္မဒ်(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ)က ဤသို့ မိန့်ကြားတော်မူခဲ့ပါတယ်။ “ရန်သူနှင့်တွေ့ဖို့ဆန္ဒ မထားနှင့်၊ သို့သော် ရန်သူနှင့် ရင်ဆိုင်ရလျှင် စိတ်ရှည်ပါ၊ (ဆိုလိုသည်မှာ- ရန်သူနှင့်ရင်ဆိုင်ချိန်တွင် ခိုင်မာစွာ ရပ်တည်ပါ။)”

## သိမ်မွေ့ခြင်း

တမန်တော်မုဟမ္မဒ်(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက် ပါစေ)ထံတော်တွင် ဆယ်နှစ်ခန့် အလုပ်အကျွေး ပြုခဲ့သူ အဆွေတော်တစ်ပါးက တမန်တော်မု ဟမ္မဒ်(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက် ပါစေ)ဟာ သူ့အပေါ် အမြဲနူးညံ့ သိမ်မွေ့စွာ ဆက်ဆံခဲ့ကြောင်း ပြောပြခဲ့ပါတယ်။ “ကျွန်ုပ်တစ်စုံတစ်ခု ပြုလုပ် လျှင်လည်း ကျွန်ုပ် ပြုလုပ်သည့် အရာအပေါ်မေးခွန်းထုတ်တော်မမူခဲ့ပါ။ ကျွန်ုပ် တစ်စုံတစ်ခုမပြုနိုင်လျှင်လည်း ထိုသို့မပြုလုပ်နိုင် ခြင်းကို မေးခွန်းထုတ်တော်မမူ ခဲ့ပါ၊ သူဟာ လူအားလုံးအနက် ခင်မင်ဖွယ် အကောင်းဆုံး လူသားဖြစ်ပါတယ်။”

တစ်ခါက တမန်တော်မုဟမ္မဒ်(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ)၏ ကြင်ယာတော်သည် လူတစ်ဦး၏ စော်ကားမှုကို ဒေါသဖြင့်တုံ့ပြန်ခဲ့သဖြင့် တမန်တော်မုဟမ္မဒ်(သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက် ပါစေ)ကသူမအား